# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၆၈)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၆ ရက်**

**(၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၂ ရက်)**

**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၈)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၈)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၈)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၈ ဦးရှိတဲ့အနက် ၃၅၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၅.၆၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက် ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ်ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၈)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရဲ့ စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြ ပါ့မယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၅ ရက်၊

(၂) လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့် ခွင့် ၃ ရက်၊

(၃) ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ် ခွင့် ၁ ရက်၊

(၄) တန့်ယန်းမဲဆန္ဒနယ်မှ ဦးထွန်းဆာ(ခ)ဦးစိုင်းထွန်းဝင်း ခွင့် ၅ ရက်၊

(၅) သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့် ခွင့် ၅ ရက်၊

(၆) မင်းတပ်မဲဆန္ဒနယ်မှ ဦးထန်းလိန်း ခွင့် ၃ ရက်၊

**မှုကြမ်း**

(၇) ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး ခွင့် ၅ ရက်၊

(၈) သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောနေကော်ကြီး ခွင့် ၁ ရက်၊

(၉) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွန်းဦး ခွင့် ၅ ရက်၊

(၁၀) ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့် ခွင့် ၁ ရက်၊

(၁၁) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးမောင်ပါ ခွင့် ၅ ရက်၊

(၁၂) လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်း ခွင့် ၁ ရက်၊

(၁၃) ဒလမဲဆန္ဒနယ်မှ ဦးလှထွန်းဦး ခွင့် ၅ ရက်၊

(၁၄) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၅ ရက်၊

(၁၅) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၄ ရက်၊

(၁၆) ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန် ခွင့် ၂ ရက်၊

(၁၇) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း ခွင့် ၃ ရက်၊

(၁၈) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၁ ရက်၊

(၁၉) နမ္မတူမဲဆန္ဒနယ်မှ ဦးစိုင်းအောင်လှ ခွင့် ၂ ရက်၊

(၂၀) ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင် ခွင့် ၁ ရက်၊

(၂၂) ဆောမဲဆန္ဒနယ်မှ ဦးဌေးမောင် ခွင့် ၁ ရက်၊

(၂၃) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင် ခွင့် ၁ ရက်၊

(၂၄) ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ဌေး ခွင့် ၁ ရက်၊

(၂၅) ထီးလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်ဌေး ခွင့် ၁ ရက်၊

(၂၆) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၁ ရက်၊

(၂၇) သရက်မဲဆန္ဒနယ်မှ ဦးဝင်းကျော် ခွင့် ၃ ရက်၊

(၂၈) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၂ ရက်၊

(၂၉) သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင် ခွင့် ၂ ရက်၊

(၃၀) ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဒွေ့ အစည်းအဝေးပြီးဆုံးသည်ထိ၊

(၃၁) ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးခမိုင်တန်(ခ)ဦးခမိုင်မုံကွမ် ခွင့် ၅ ရက်၊

(၃၂) တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ ခွင့် ၁ ရက်၊

(၃၃) ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအွမ်ဆိုင်မိုင်း ခွင့် ၅ ရက်၊

(၃၄) ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း ခွင့် ၃ ရက်၊

**မူကြမ်း**

(၃၅) သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း(ခ)ဦးမင်းထွန်း ခွင့် ၄ ရက်၊

(၃၆) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင် ခွင့် ၄ ရက်၊

(၃၇) ချီဖွေမဲဆန္ဒနယ်မှ ဦးဖုံးတိန့် ခွင့် ၄ ရက်၊

(၃၈) သာယာဝတီမဲဆန္ဒနယ်မှ ဦးမောင်မောင်(ခ)ဦးခင်မောင်ဝင်း ခွင့် ၄ ရက်၊

(၃၉) ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၅ ရက်၊

(၄၀) မြစ်သားမဲဆန္ဒနယ်မှ ဦးကြည်မောင် ခွင့် ၅ ရက်၊

(၄၁) ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင် ခွင့် ၅ ရက်၊

(၄၂) ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင် ခွင့် ၁ ရက်၊

(၄၃) ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိယဥ်ချမ်း ခွင့် ၁ ရက်၊

(၄၄) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၄ ရက်၊

(၄၅) မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၂ ရက်၊

(၄၆) မိုးညှင်းမဲဆန္ဒနယ်မှ ဦးကျော်စိုးလေး ခွင့် ၅ ရက်၊

(၄၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ပိုင်ဦး ခွင့် ၁ ရက်၊

(၄၈) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၁ ရက်၊

(၄၉) အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ ခွင့် ၁ ရက်၊

(၅၀) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်း ခွင့် ၁ ရက်၊

(၅၁) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့် ၁ ရက်၊

(၅၂) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ ခွင့် ၅ ရက်၊

(၅၃) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၂ ရက်နှင့်

(၅၄) ဖာဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင် ခွင့် ၁ ရက် တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၈ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၇ ဦး၊ ယနေ့ခွင့်ပြုထားသူ ၅၃ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၆၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင်အဖွဲ့ဝင်ထည့်သွင်းဖွဲ့စည်းကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ကဖွဲ့စည်းထားသော ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင် ဦးစိုးလွင်၊ သံအမတ်ကြီး(အငြိမ်းစား)အား ကော်မရှင်အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းလိုက်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မူဆယ်မြို့၊ တော်ရွက်ရပ်ကွက်၊ ဟိုဆောင်နယ်မြေတွင် နယ်စပ်ဝင်ထွက်ပေါက်ဂိတ်တစ်ခု ထပ်မံဖွင့်လှစ်ပေးနိုင်ရန် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဘိုးအောင်(မူဆယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အားလုံးပဲမင်္ဂလာပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိ မြန်မာနိုင်ငံ၊ မူဆယ်မြို့နှင့် တရုတ်နိုင်ငံ ကျယ်ဂေါင်မြို့အကြား နယ်နိမိတ်ဖြတ်ကျော် ဝင်/ထွက်ဂိတ်ပေါက် သုံးပေါက်ဖွင့်လှစ်ထားရှိရာမှာ **မှန်ဝိန်း**ဂိတ်ကနေပြီးတော့ ကုန်ကားအဝင်/အထွက်နဲ့ ကျန်အဝင်/အထွက်ပေါက်နှစ်ခုကို ဖြတ်ပြီးတော့ ဖြတ်သန်းသွားလာတဲ့ လူတန်းရှည်ကြီးများကြောင့် နေ့စဉ်ယာဉ်ကြောပိတ်ဆို့မှုများ၊ သွားလာရေးခက်ခဲမှုများ ဖြစ်ပေါ်စေလျက်ရှိပါတယ်။ ယခုအခါ မူဆယ်မြို့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ဒေသန္တရဖွံ့ဖြိုးရေးစီမံကိန်းကော်မတီကနေပြီးတော့ အကျိုးတူပူးပေါင်းအကောင်အထည်ဖော်ဆောင်နေတဲ့ မူဆယ်ဗဟိုစီးပွားရေးဇုန်ကို မကြာခင် ဖွင့်လှစ်နိုင်တော့မှာဖြစ်ပါတယ်။ အဲဒီအခါမှာ ပြည်ပဧည့်သည်များစွာလည်း နယ်စပ်ဖြတ်ကျော်သွားလာရမယ့် အလားအလာရှိနေပါတယ်။ ဒ့ါအပြင် ခရီးသွားလာရေးအဆင်ပြေဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ပို့ဆောင်ရေးဝန်ကြီးဌာနကနေပြီးတော့ ၆-၁-၂၀၁၅ ရက်နေ့မှာ အိတ်ဖွင့်တင်ဒါခေါ်ယူပြီး မူဆယ်မှာ လေယာဉ်ကွင်းတစ်ခုတည်ဆောက်ဖို့ ဆောင်ရွက်နေပါတယ်။ အနာဂတ်ပြည်တွင်းပြည်ပခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာဖို့ရှိနေပါတယ်။ ဒါကြောင့် အပြည်ပြည်ဆိုင်ရာနယ်စပ် ဝင်/ထွက်ပေါက်ဂိတ်တစ်ခု ထပ်မံဖွင့်လှစ်ဖို့ အထူးလိုအပ်နေပြီဖြစ်ပါတယ်။ တရုတ်နိုင်ငံဘက်ကနေပြီးတော့လည်း BP ၈၂၊ ၈၃ ကြား တော်ရွက်ရပ်ကွက်၊ ဟိုဆောင်နယ်မြေနယ်စပ်မှာ နယ်စပ်ဝင်/ထွက်ဂိတ်တစ်ခု ထပ်ဖွင့်လှစ်ရေးအတွက် ဒေသအဆင့်အဆိုပြုတင်ပြထားကြောင်းလည်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ တရုတ်- မြန်မာနယ်စပ်ဖြတ်ကျော်ကူးသန်းသွားလာသူများ လွယ်ကူအဆင်ပြေစေရန် တရုတ်- မြန်မာနယ်စပ်ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ၁၉၉၇ ခုနှစ်၊ မြန်မာ-တရုတ်နယ်စပ်များဆိုင်ရာသဘောတူစာချုပ်နဲ့ ညီညွတ်အကျုံးဝင်သော မူဆယ်မြို့၊ တော်ရွက်ရပ်ကွက်၊ ဟိုဆောင်နယ်မြေမှာ အပြည်ပြည်ဆိုင်ရာနယ်စပ်ဝင်/ထွက်ပေါက်တစ်ခု ထပ်မံဖွင့်လှစ်ပေးဖို့ မည်သို့စီမံဆောင်ရွက်ပေးနိုင်မယ်ဆိုတာကို သိရှိလိုပါတယ်လို့ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေရန် ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းမှ မူဆယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘိုးအောင်၏ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ မူဆယ်မြို့ တော်ရွက်ရပ်ကွက်၊ ဟိုဆောင်နယ်မြေဟာ မြန်မာ- တရုတ်နယ်နိမိတ်မှတ်တိုင်အမှတ် ၈၃ နှင့် ရွှေလီမြစ်အကြားမှာ တည်ရှိပါတယ်။ မြန်မာ- တရုတ်နယ်နိမိတ် ကျယ်ဂေါင်ဒေသရှိ နယ်နိမိတ်မှတ်တိုင် ၈၃ နှင့် ရွှေလီမြစ်ဒေသအကြားမှာ ပြည်ဝင်ပြည်ထွက်ဂိတ် ဖွင့်လှစ်လိုပါကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနယ်ပြည်နယ်၊ ရွှေလီမြို့ ပြည်သူ့အစိုးရမှ အဆိုပြုလာမှုအား နိုင်ငံခြားရေးဝန်ကြီးဌာနမှ နိုင်ငံတော်သမ္မတရုံးသို့ တင်ပြခဲ့တဲ့အတွက် ပြည်ဝင်ပြည်ထွက်ဂိတ် ဖွင့်လှစ်မည်ဆိုပါက မိမိနိုင်ငံအတွက် ရရှိမည့်အကျိုးအပြစ်တို့အား လေ့လာသုံးသပ်၍ ဆက်လက်ဆောင်ရွက်နိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဂိတ်ဖွင့်လှစ်ခြင်းနှင့်သက်ဆိုင်တဲ့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ သဘောထားမှတ်ချက်များတောင်းခံပြီး ၂၀၁၄ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့ရက်စွဲဖြင့် နိုင်ငံတော်သမ္မတရုံးသို့ ပြန်လည်တင်ပြခဲ့ပါတယ်။ ရှမ်းပြည်နယ်အစိုးရမှလည်း နယ်နိမိတ်မှတ်တိုင်အမှတ် ၈၃ ပြည်ဝင်ပြည်ထွက်ဂိတ် ဖွင့်လှစ်ခွင့်ပြုပါက ယဉ်အဝင်/အထွက်စနစ်တကျရှိလာမယ့်အပြင် တစ်ဖက်နိုင်ငံနဲ့ သယ်ယူပို့ဆောင်ရေး၊ ကူးသန်းရောင်းဝယ်ရေး လွယ်ကူသက်သာစေမှာဖြစ်လို့ ဒေသခံပြည်သူများမှ ကျေနပ်လက်ခံသဘောတူတဲ့အတွက် ခွင့်ပြုပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြခဲ့မှုရှိပါတယ်။ လေ့လာသုံးသပ်တင်ပြမှုများအရ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏တင်ပြစာအပေါ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် နှစ်ဘက်အရင်ညှိနှိုင်းရန် လမ်းညွှန်ထားမှုရှိပါတယ်။

အဆိုပါနယ်စပ်ဂိတ် ဖွင့်လှစ်လိုတဲ့နေရာမှာ လက်ရှိမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် New Star Light ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်တို့မှ အကျိုးတူပူးပေါင်း၍ ဆောင်ရွက်လျက်ရှိတဲ့ မူဆယ်ဗဟိုစီးပွားရေးဇုန်စီမံကိန်း ဇုန်(၁)ဧရိယာအတွင်းမှာတည်ရှိပါတယ်။ ကျယ်ဝန်းတဲ့ကားပါကင်များ၊ Public

Area များ၊ နိုင်ငံတကာငွေလဲကောင်တာများ၊ Duty Free Shop ဆိုင်များစသည်တို့ ထည့်သွင်းစီစဉ်ထားတဲ့အတွက် အပြည်ပြည်ဆိုင်ရာ ဝင်/ထွက်ပေါက်ရဲ့ အင်္ဂါရပ်များနှင့်ညီညွတ်သော ပတ်ဝန်းကျင်ကောင်းများလည်းရှိပါတယ်။ Border Gate နှင့် Immigration Check Point အဆောက်အဦကို တည်ဆောက်ရေးကုမ္ပဏီမှ ဆောက်လုပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရှိရပြီး ယခု လက်ရှိဖွင့်လှစ်ထားသော ဟိုဆောင်ကင်းစခန်းနှင့် ၁ ဖာလုံသာကွာဝေးကြောင်း သိရှိရပါတယ်။ အဆိုပါ နယ်စပ်ဂိတ်ဖွင့်လှစ်လိုတဲ့ နယ်နိမိတ်မှတ်တိုင်အမှတ် ၈၂ နှင့် ၈၃ အကြား နယ်နိမိတ်မျဉ်းသွယ်တန်းမှုကို နှစ်ဘက်မြေတိုင်းကျွမ်းကျင်သူများက ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်မှ ၃၀ ရက်နေ့အထိလည်းကောင်း၊ ၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်မှ ၁၁ ရက်နေ့အထိလည်းကောင်း ပူးတွဲကွင်းဆင်းစစ်ဆေးခဲ့ပြီးတော့ အဆိုပါနယ်နိမိတ်မှတ်တိုင် နှစ်တိုင်ကြားမှာ တရုတ်နိုင်ငံဘက်မှ တည်ဆောက်ထားတဲ့ခြံစည်းရိုးဟာ နှစ်နိုင်ငံနယ်နိမိတ်မျဉ်းမှ တစ်ဖက်တစ်ချက်စီ အခိုင်အမာအဆောက်အဦ မဆောက်လုပ်ရဇုန် ၁၀ မီတာအတွင်းသာမက နယ်နိမိတ်မျဉ်းကိုကျော်၍ မြန်မာပိုင် နယ်နိမိတ်အတွင်းသို့ ကျူးကျော်ကျရောက်နေကြောင်း၊ ထိုသို့ကျော်လွန်နေတဲ့အစိတ်အပိုင်းတွေကို ဖယ်ရှားဖျက်ပေးရန် တရုတ်နိုင်ငံဘက်သို့ သံတမန်လမ်းကြောင်းမှတစ်ဆင့် ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့နှင့် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တို့မှာ အကြောင်းကြားကန့်ကွက်ခဲ့ပြီးဖြစ်ပါတယ်။ တရုတ်ဘက်ခြံစည်းရိုးကျူးကျော်နေခြင်းကို ဦးစွာဖြေရှင်းခြင်းမပြုဘဲ ဝင်/ထွက်ဂိတ်ဖွင့်လှစ်ခွင့်ပြုပါက တရုတ်နိုင်ငံဘက်မှ ခြံစည်းရိုးကျူးကျော်နေခြင်းကို အသိအမှတ်ပြုသလိုဖြစ်နေပြီး မြန်မာပိုင်နယ်မြေများဆုံးရှုံးနိုင်ပါတယ်။

မြန်မာဘက်သို့ ကျူးကျော်နေတဲ့ ခြံစည်းရိုးနှင့်အဆောက်အဦ မဆောက်လုပ်ရဇုန် ၁၀ မီတာအတွင်းကျရောက်နေတဲ့ ခြံစည်းရိုးအားလုံးကို နယ်နိမိတ်စာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တရုတ်ဘက်မှဖျက်သိမ်းပေးပြီး အဆိုပါဒေသရှိ နယ်နိမိတ်မျဉ်းကြောင်းနှင့် ယင်းနယ်နိမိတ်မျဉ်းရဲ့ တစ်ဖက်တစ်ချက် အဆောက်အဦမဆောက်လုပ်ရဇုန် ၁၀ မီတာနေရာကို နှစ်နိုင်ငံဗဟိုအဆင့် မြေတိုင်းကျွမ်းကျင်သူများမှ ပူးတွဲကွင်းဆင်းတိုင်းတာသတ်မှတ်ပြီးမှသာ ဝင်/ထွက်ပေါက်ဂိတ်ဖွင့်လှစ်ရေးကို စဉ်းစားသင့်ပါတယ်။ ဒါ့အပြင် မြန်မာ- တရုတ်နယ်စပ်ဒေသများ စီမံခန့်ခွဲရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်အား ပြင်ဆင်ခြင်း၊ ဖြည့်စွက်ချုပ်ဆိုခြင်း သို့မဟုတ် စာချုပ်အသစ် ထပ်မံချုပ်ဆိုခြင်းတို့ကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးစိုင်းဘိုးအောင်တင်ပြတဲ့ ဟိုဆောင်နယ်မြေမှာ နယ်စပ်ဂိတ်ဝင်/ထွက်ပေါက်တစ်ခု ထပ်မံဖွင့်လှစ်

ပေးရန်ကိစ္စမှာ ကုန်သွယ်မှုကဏ္ဍ၊ ခရီးသွားလာရေးကဏ္ဍများအပါအဝင် အကျိုးရနိုင်တဲ့ကိစ္စရပ်ဖြစ်သော်လည်း နှစ်နိုင်ငံနယ်နိမိတ်ညှိနှိုင်းရေးကိစ္စရပ်များမှာ ယခုထက်တိုင် သဘောတူညီမှုမရရှိသေးသဖြင့် နိုင်ငံရေး၊ ကာကွယ်ရေးကဏ္ဍဆိုင်ရာ အရေးကြီးသည့်ကိစ္စရပ်ဖြစ်၍ နယ်နိမိတ်ညှိနှိုင်းရေးကိစ္စအား နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနတို့ ပြီးပြတ်အောင်ညှိနှိုင်းဆောင်ရွက်၍ သဘောတူညီချက်ရရှိပြီးမှသာ ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျာ။

**ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်ရှိ တလန်ရွား(က) ရွာအတွက် ကတိပြုထားသော ရွာချင်းဆက်လမ်း (၁၂)မိုင်ကို မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ⊞ဌ**။ ။ ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ဇာတလဲမ်း(ထန်တလန်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများရှင်။ ကျွန်မကတော့ ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့လွှတ်တော်ကိုယ်စားလှယ်များရဲ့ အထူးအခွင့်အရေးမှာ ဥပဒေပြုရေးနှင့် မဲဆန္ဒရှင်တို့၏ဖွံ့ဖြိုးရေးလုပ်ငန်းများ တင်ပြမေးမြန်းခြင်းတို့ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များမှာ ပြည်သူလူထုနှင့်တိုက်ရိုက်ထိတွေ့ပြီး တောင်းဆိုပေးခြင်းဖြစ်ပါတယ်။ သို့သော် လုပ်ငန်းများဆောင်ရွက်ပေးသည့်အခါမှာ ဟိုရွာရွှေ့ပေးလိုက်၊ ဒီရွာခွဲပေးလိုက်ဖြင့် လုပ်ငန်းများပြောင်းပေးသည့်အခါမှာ ပြဿနာများ များစွာကြုံတွေ့နေရပါတယ်။ သို့ဖြစ်ပါ၍ နောက်နောင်မှာ လွှတ်တော်ကိုယ်စားလှယ်တို့၏မေးခွန်းကို အထူးသတိပြုဆောင်ရွက်ပေးစေပါရန် တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မ ယခု ထန်တလန်မြို့နယ်ရှိ ထလန်ရွား(က)ရွာမှ ဟရီဖီးရွာ ရွာချင်းဆက်လမ်းကို သတ္တမအကြိမ်ပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်မပြမေးခွန်းအဖြစ် ကျွန်မမေးခဲ့ပါတယ်။ ပြည်ထောင်စုဆောက်လုပ်ရေးဝန်ကြီးဌာနကလည်း ဆောင်ရွက်ပေးရန် ဘတ်ဂျက်ချပေးခဲ့ပါတယ်။ သို့သော် ပြည်နယ်ဝန်ကြီးချုပ်က လမ်းမတောင်းဆိုသော ထလန်ရွား(က)ကျေးရွာမှ ဟရီဖီးသို့ပြောင်းပေးလိုက်တဲ့အခါမှာ ထလန်ရွား(က)မှာလမ်းမရှိတော့ဘဲ အလွန်စိတ်မကောင်းဝမ်းနည်းကြပါတယ်။ ဒုတိယအကြိမ် ကျွန်မပြန်တောင်းဆိုပေးလိုက်ပါတယ်။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ၂၀၁၅-၂၀၁၆ ဖြည့်စွက်ရန်ပုံငွေမှ ဦးစားပေးဆောင်ရွက်ပေးပါမယ်ဆိုပြီးမှ ဒုတိယအကြိမ် ကတိပေးခဲ့ပါတယ်။ သို့သော် ကျွန်မစုံစမ်းသည့်အခါမှာ ဖြည့်စွက်ရန်ပုံငွေမှာလည်း မပါကြောင်း တာဝန်ရှိသူများက ပြောခဲ့ပါတယ်။ ဤကဲ့သို့ ပြည်သူများ အယုံအကြည်မရှိအောင် ကတိ

ခဏခဏပျက်ခြင်းမှာ မသင့်တော်ပါ။ သို့ဖြစ်ပါသောကြောင့် ထလန်ရွာ(က)ကျေးရွာမှာ နှစ်ကြိမ် နှစ်ခါလမ်းဆုံးရှုံးတော့မှာဖြစ်သည့်အတွက် ဖြည့်စွက်ရန်ပုံငွေမှာ ချပေးထားရန် ကတိပေးထားတဲ့ အတိုင်း ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းလိုပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်အေး(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်။ ချင်းပြည်နယ်၊ ထန်တလန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇာတလဲမ်းရဲ့ မေးခွန်းနှင့် ပတ်သက်ပြီး ကျွန်တော် ဒုတိယဝန်ကြီး ဦးခင်မောင်အေးကနေပြီးတော့မှ ပြန်လည်ဖြေကြားသွားမှာဖြစ် ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇာတလဲမ်းကနေ အခုလို ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စိတ်ပါဝင်စားစွာဖြင့် ကျေးရွာတွေကို ကွင်းဆင်းစစ်ဆေးပြီးတော့မှ မေးမြန်းပေးတဲ့အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဦးစွာတင်ပြလိုပါတယ်။ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ တလန်ရွာ(က)- လအော်ချောင်း- ဟရီဖီး ရွာချင်းဆက်လမ်းအရှည် ၁၂ မိုင်အနက် မှာ လအော်ချောင်း-ဟရီဖီးလမ်းပိုင်း အရှည် ၈ မိုင်မှာ ၁၈ ပေအကျယ် မြေသားလမ်းဖြစ်ပြီးတော့မှ တလန်ရွာ(က)- လအော်ချောင်းနဲ့ လမ်းပိုင်းအရှည် ၄ မိုင်မှာ လူသွားလမ်းဖြစ်ပြီး အဆိုပါလမ်း ၁၂ မိုင်ဟာ ကျေးရွာနှစ်ရွာ၊ အိမ်ခြေ ၃၄၀ မှာရှိတဲ့ လူဦးရေ ၁၇၈၃ ဦးကို အကျိုးပြုပါတယ်ခင်ဗျာ။ လူသွား လမ်းအရှည် ၄ မိုင်ကို ၁၈ ပေအကျယ် မြေသားလမ်းတာချဲ့ခြင်းဆောင်ရွက်မယ်ဆိုလို့ရှိရင် ငွေကျပ် ၃၆ သန်းခန့် ကုန်ကျမှာဖြစ်ပါတယ်။ ချင်းပြည်နယ်အတွင်းမှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက် ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေး နှစ်မှာ ရန်ပုံငွေကျပ် ၃၃၁၆.၉၃၁ သန်းဖြင့် ကတ္တရာလမ်း ၃ ဖာလုံ၊ ကျောက်ချောလမ်း ၅ မိုင်၊ မြေသား လမ်း ၁၆၂ မိုင်၊ သစ်သားတံတား ၂၁၅ ပေ၊ Box Culvert ၂၀ ပေတို့ကို ဆောင်ရွက်ဖို့ခွင့်ပြုပြီး ဖြစ်ပါတယ်ခင်ဗျာ။

ထန်တလန်မြို့နယ်အတွင်းမှာလည်းပဲ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနအနေနဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် ၁၀၅၈.၂၄၅ သန်းနဲ့ မြေသားလမ်း ၅၈

မိုင်ဆောင်ရွက်ဖို့ ခွင့်ပြုပေးပြီးဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် မေးမြန်းလာတဲ့ တလန်ရွား(က)-လအော်ချောင်းလမ်း ကျေးရွာချင်းဆက်လမ်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှာ လျာထားခြင်းမရှိသေးတဲ့အတွက် လက်ရှိဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မေးမြန်းလာတဲ့ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ် တလန်ရွား(က)- လအော်ချောင်းလမ်း ၄ မိုင်ကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်နှင့် ဖြည့်စွက်ရန်ပုံငွေမှာ ဦးစားပေးအစီအစဉ်အတိုင်း ရန်ပုံငွေလျာထားတင်ပြတောင်း ခံပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

**သံဖြူဇရပ်မြို့နယ်၊ စက်စဲကျေးရွာအုပ်စုမှ ရသေ့တောင်ကျေးရွာသို့ ရွာချင်းဆက်လမ်း ကတ္တရာလမ်း ခင်းရန်နှင့် စက်စဲကျေးရွာမှ ကမ်းနားလမ်း ကျိုက္ခမီသို့ ရွာချင်းဆက်လမ်းအား အသစ်တဖန်ပြန်လည် တည်ဆောက်ပေးနိုင်ရန်တို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသိန်းအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းအောင်(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ကြီးနှင့် ကြွရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ် မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ စက်စဲကျေးရွာအုပ်စု ရသေ့တောင်ကျေးရွာနှင့် စက်စဲကျေးရွာအထိ ကတ္တရာလမ်း ခင်းရန်ကိစ္စနှင့် စက်စဲကျေးရွာမှ ကမ်းနားလမ်း ကျိုက္ခမီသို့ ရွာချင်းဆက်လမ်းအား အသစ်တဖန် ပြန်လည်ပြုပြင်တည်ဆောက်ပေးနိုင်ရန်ကိစ္စနှင့်ပတ်သက်၍ မေးခွန်းမေးမြန်းခြင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါ အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ စက်စဲ ကျေးရွာအုပ်စု ရသေ့တောင်ကျေးရွာနှင့် စက်စဲကျေးရွာအထိ လမ်းဆက်ဖြစ်နေသော လူသွားလူလာ ပြုလျက်ရှိသော ၂ မိုင် ၅ ဖာလုံအရှည်ရှိသည့် မိုးရာသီအချိန်တွင် အိုင်များထူထပ်ပြီး လမ်းမပေါ်တွင် မိုးရေများဖြင့် ပြည့်လျှံနေပါတယ်။ သို့ဖြစ်၍ ထိုလမ်းကို ၂၀၁၄ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် ကတ္တရာ လမ်း ၃ ဖာလုံ ခင်းပြီးသွားပါသဖြင့် ကျန်ရှိသော ၂ မိုင် ၂ ဖာလုံလမ်းကို အသုံးပြုလျက်ရှိသော ဆွမ်းခံ ကြွသည့် ရဟန်းသံဃာများအစ လမ်းသွားလမ်းလာများ၊ ကျောင်းသူကျောင်းသားများနှင့် ရွာသူရွာသား များ အလုပ်အကိုင်သွားလာရာတွင် အခက်အခဲဒုက္ခများကြုံတွေ့နေရပါသဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေး

အင်္ဂါရပ်နှင့်ညီညွတ်ရန်၊ ညီကူပံ့ပိုးပေးရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ မေးခွန်း(၁)ကို မေးမြန်းခြင်း ဖြစ်ပါတယ်။ မေးခွန်း(၂)ကတော့ စက်စဲမှ ကျိုက္ခမီသို့ ကမ်းနားလမ်းသည် ၂၀၁၆ ခုနှစ်နဲ့ ၂၀၁၇ ခုနှစ်တွင် မွန်ပြည်နယ်တိုင်းမှူး ဗိုလ်ချုပ်သက်နေဝင်း၊ ဗိုလ်ချုပ်သန်းအေးတို့ တည်ဆောက် ဖောက်လုပ်ထား သောလမ်းဖြစ်ပါတယ်။ ဒီလမ်း အကယ်၍ ဖောက်လုပ်ပြီးသွားလို့ရှိရင် နိုင်ငံတကာ ဧည့်သည်များ အသွားအလာများတဲ့လမ်းဖြစ်ပါတယ်။ နောက် ပြည်သူ့အတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးလည်း အဆင်ပြေချောမွေ့မှာဖြစ်တဲ့အတွက် ဒီလမ်းက ကမ်းနားလမ်းမှာရှိတဲ့အိမ်ခြေတွေဟာ လမ်းမကြီးနဲ့ဆိုရင် ၃ မိုင်ခွဲ၊ ၄ မိုင်လောက်ဝေးပါတယ်။ ဒီလမ်း အကယ်၍ ဖောက်လုပ်လို့ ဖြစ်သွား မယ်ဆိုရင် ယခု ပြည်သူ့အတွက် အားလုံးအဆင်ပြေသွားမှာပါ။ ယခု ရပ်ဆိုင်းထားတော့ ရွာချင်း ဆက်လမ်း၊ ကမ်းနားလမ်းအား ပြန်လည်တည်ဆောက်ပေးနိုင်ရန် ပြည်သူရဲ့အကျိုးကို မျှော်ကိုးပြီး ပြည်သူ့ရဲ့ ကြုံတွေ့နေရတဲ့ အသွားအလာခက်ခဲဒုက္ခများ ဖြေရှင်းပေးရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ဖြေကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်အေး(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီး ဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ သံဖြူဇရပ် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းအောင်ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော် ဒုတိယဝန်ကြီး ဦးခင်မောင်အေးကပဲ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည် ဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးသိန်းအောင်ကနေ ယခုလို ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စိတ်ပါဝင်စားစွာဖြင့် ကျေးရွာများကိုကွင်းဆင်းစစ်ဆေးပြီး မေးမြန်း ပေးတဲ့အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဦးစွာတင်ပြလိုပါတယ်ခင်ဗျား။ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ် စက်စဲကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ရသေ့တောင်-စက်စဲကျေးရွာချင်းဆက်လမ်း အရှည် ၂ မိုင် ၅ ဖာလုံဟာ အိမ်ခြေ ၁၁၆၈ အိမ်၊ လူဦးရေ ၆၁၂၈ ဦးတို့ကို အကျိုးပြုပါတယ်။ အဲဒီ လမ်းအရှည် ၂ မိုင် ၅ ဖာလုံအနက် ၃ ဖာလုံကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၂၇.၆၅၃ သန်းဖြင့် ကတ္တရာလမ်းဆောင်ရွက်ပြီးဖြစ်ပါတယ်။ ကျန် ၂ မိုင် ၂ ဖာလုံကို ကတ္တရာလမ်းဆောင်ရွက်မယ်ဆိုလို့ရှိရင် ငွေကျပ် ၂၃၈.၉၅ သန်းခန့် ကုန်ကျ မှာဖြစ်ပါတယ်။ သံဖြူဇရပ်မြို့နယ်မှာရှိတဲ့ ကျိုက္ခမီနှင့် စက်စဲကိုဆက်သွယ်ထားတဲ့ ကမ်းခြေပတ်လမ်း

ဟာ အရှည် ၁၄ မိုင် ၀.၃၂ ဖာလုံရှိပြီး မြေသားလမ်းဖြစ်တဲ့အတွက် အိမ်ခြေ ၈၄၉၊ လူဦးရေ ၄၂၇၅ ဦးတို့ကို အကျိုးပြုမှာဖြစ်ပါတယ်ခင်ဗျား။ အဲဒီလမ်းရဲ့ ၁ မိုင် ၄ ဖာလုံကို ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၈ သန်းနဲ့ ၁၈ ပေ အကျယ် မြေသားလမ်းဆောင်ရွက်ပြီးဖြစ်တဲ့အတွက် ကျန် ၁၂ မိုင် ၄.၃၂ ဖာလုံကို မြေသားလမ်း ဆောင်ရွက်မယ်ဆိုလို့ရှိရင် ငွေကျပ် ၁၉၉.၁၃၅ သန်းခန့် ကုန်ကျမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စား လှယ်ကြီး မေးမြန်းလာတဲ့ သံဖြူဇရပ်မြို့နယ်အတွင်းမှာရှိတဲ့ ကျေးလက်လမ်းနှစ်လမ်း ဆောင်ရွက်ခြင်း အတွက် စုစုပေါင်းငွေကျပ် ၄၃၈.၀၈၅ သန်းခန့် ကုန်ကျမှာဖြစ်ပါတယ်ခင်ဗျား။ မွန်ပြည်နယ်အတွင်းမှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် ၃၆၁၂.၄၃၄ သန်းဖြင့် ကွန်ကရစ်လမ်း ၆ ဖာလုံ၊ ကတ္တရာလမ်း ၇ မိုင်၊ ကျောက်ချောလမ်း ၁၇ မိုင် ၇ ဖာလုံ၊ မြေသားလမ်း ၁၀ မိုင်၊ ကွန်ကရစ် တံတား ၉၃၆ ပေနှင့် သစ်သားတံတား ၄၀၀ ပေတို့ကို ဆောင်ရွက်ဖို့ ခွင့်ပြုပြီးဖြစ်ပါတယ်။ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းလာတဲ့ ရသေ့တောင်-စက်စဲ ကျေးရွာချင်းဆက်လမ်းနှင့် ကျိုက္ခမီနှင့် စက်စဲကို ဆက်သွယ်ထားတဲ့ ကမ်းခြေပတ်လမ်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှာ လျာထားခြင်းမရှိသေးသော်လည်းပဲ သံဖြူဇရပ်မြို့နယ်မှာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ရန်ပုံငွေကျပ် ၇၁၀.၉ သန်းနဲ့ ကတ္တရာလမ်း ၁ မိုင်နှင့် ကွန်ကရစ်တံတား ၄၅၆ ပေတို့ကို ဆောင်ရွက်ရန် ခွင့်ပြုပြီးဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်မှ မေးမြန်းလာတဲ့ လမ်းနှစ်လမ်းကို လတ်တလောမှာ ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအစီအစဉ်အတိုင်း ဆောင်ရွက်ပေးလျက်ရှိ ပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း ခြင်း၊ ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပါပြီ။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော ရှေးဟောင်း အဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင် တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းကို ၁၀-၆-၂၀၁၅ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ နည်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးအောင်မြသန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးအောင်မြသန်းဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုပေးပို့လာသော ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာအား ဖတ်ကြားရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ပြည်ထောင်စုလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၂၈-၅-၂၀၁၅ ရက်နေ့တွင် တင်သွင်းခဲ့ပြီး ၉-၆-၂၀၁၅ ရက်နေ့တွင် အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ဤဥပဒေကြမ်းကို ယဉ်ကျေးမှုဝန်ကြီးဌာနက အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ရေးဆွဲထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည် -

(က) ပြောင်းလဲလာသောခေတ်ကာလ၊ စနစ်တို့နှင့်လိုက်လျောညီထွေစွာ ရှေးဟောင်းယဉ်ကျေးမှုအဆောက်အအုံများကို ကာကွယ်ပြုပြင်ထိန်းသိမ်းဆောင်ရွက်နိုင်ရန်၊

(ခ) နိုင်ငံတော်ကသဘောတူလက်ခံထားသော အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း၊ ဒေသဆိုင်ရာသဘောတူညီချက်များ၊ ယဉ်ကျေးမှုဝန်ကြီးဌာနက သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများ၊ မူဝါဒများနှင့်အညီ ရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံများကို ကာကွယ်ပြုပြင်ထိန်းသိမ်းဆောင်ရွက်နိုင်ရန်၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာတန်ဖိုးကြီးမားသော ရှေးဟောင်းဝတ္ထုပစ္စည်းများကို ကာကွယ်ထိန်းသိမ်းခြင်းဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေရန်နှင့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ရှင်သန်ခိုင်မာစေရန်။

၃။ ဤဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၅-၆-၂၀၁၅ ရက်နေ့တွင် ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီအဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးသန်းဆွေအပါအဝင် တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို လေ့လာစိစစ်ခဲ့ရာ တွေ့ရှိချက်နှင့်ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဤဥပဒေကြမ်းတွင် အခန်းပေါင်း (၁၀) ခန်းနှင့် ပုဒ်မပေါင်း (၃၃) ခုပါရှိပါသည်။

( ခ) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် (၈၃) ချက်ကို သဘောတူလက်ခံပါသည်။

( ဂ) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များ အခန်း(၄)၊ အပိုဒ် ၈ အပိုဒ်ခွဲ (က)ကို ဝန်ကြီးဌာနသည် ရှေးဟောင်းအဆောက်အအုံများကိုထိခိုက်ခြင်း၊ ဆွေးမြေ့ခြင်း၊ ပျက်စီးခြင်း၊ ပုံသဏ္ဌာန်ပြောင်းလဲခံရခြင်း သို့မဟုတ် ရွှေ့ပြောင်းခံရမည့် အန္တရာယ်ရှိခြင်း သို့မဟုတ် အကြောင်းကြောင်းကြောင့် ပျက်စီးနိုင်သည်ဟု ထင်မြင်ယူဆပါက သက်ဆိုင်ရာပိုင်ရှင် သို့မဟုတ် ပိုင်ဆိုင်ခွင့်ရှိသူထံမှ ထိုက်တန်သော ကာလတန်ဖိုးအပြင် သမိုင်းယဉ်ကျေးမှုဆိုင်ရာ ထပ်ဆောင်းတန်ဖိုးချီးမြှင့်၍ လွှဲပြောင်းရယူပြီး ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ကာကွယ်ထိန်းသိမ်းခွင့်ရှိသည်ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(ဃ) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက် အပိုဒ် ၁၀ အပိုဒ်ခွဲ (ခ)ကို ပုဒ်မခွဲ (က)အရ ဆောင်ရွက်ရာတွင် အငြင်းပွားမှုထပ်မံပေါ်ပေါက်လျှင် ဝန်ကြီးဌာနက ဖွဲ့စည်းထားသော ပညာရှင်အဖွဲ့သို့တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်ဟု ပြင်ဆင်ပါသည်။

(င) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက် အပိုဒ် ၁၄ အပိုဒ်ခွဲ (ဂ)ရှိ ယင်းတို့ကိုတိုးချဲ့ခြင်း စကားရပ်၏နောက်တွင် သို့မဟုတ် ဝင်းခြံကာရံခြင်းဟု ဖြည့်စွက်ပါသည်။

(စ) အခန်း(၁၀)၊ အပိုဒ် ၃၃ အပိုဒ်ခွဲ(ခ) နှင့် အပိုဒ်ခွဲ(ဂ) တို့ကိုအပိုဒ်ခွဲ(ခ) အဖြစ် ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ဦးစီးဌာနသည် အမိန့်နှင့်ညွှန်ကြားချက်ကိုလည်းကောင်း ထုတ်ပြန်နိုင်သည်ဟု ပြင်ဆင်ပါသည်။

၄။ သို့ဖြစ်ပါ၍ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်း ဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၄-၆-၂၀၁၅ (ဗုဒ္ဓဟူးနေ့)နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းနိုင်ကြောင်း အသိပေးကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါမယ်။

**မူကြမ်း**

**အချိန်၊ ၁၀း၃၅။**

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ပါပြီးခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါသည်။ ]

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်အစည်းအဝေးခန်းမအတွင်းမှာ မကြာမကြာ တယ်လီဖုန်းမြည်သံတွေကြားနေပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များဟာကိုယ့်ဂုဏ်ကိုယ့်သိက္ခာနဲ့အညီ ကျင့်ဝတ်စည်းကမ်းများ ထိန်းသိမ်းဖို့လိုပါတယ်။ အင်္ဂလိပ်လိုစကားရှိပါတယ်။ One for all တစ်ယောက်ကြောင့်လည်း အများထိခိုက်သလို၊ All for one အများကြောင့်လည်း တစ်ယောက်အကျိုးသက်ရောက်မှုတွေရှိပါတယ်။ ဒါကြောင့်မို့လို့ ကိုယ်စီကိုယ်စီ မိမိတို့စောင့်ထိန်းကျင့်ကြံရမယ့်စည်းကမ်းများ လိုက်နာကြဖို့ သတိပေးပြောကြားလိုပါတယ်။

## ပြည်သူ့လွှတ်တော်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ ။** ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က) အရ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်ပါတယ်။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီအား ဥပဒေကြမ်းတင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဥက္ကဋ္ဌ ။** ။ စကားရပ်ပါ။ မိုက်ပေးပါ။ ဗိုလ်မှူးချုပ်ဌေးနိုင် မိုက်ပေးပါ။

**ဗိုလ်မှူးချုပ်ဌေးနိုင်(အဖွဲ့ဝင်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့

ပြည်သူ့လွှတ်တော်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲရေးကော်မတီဝင် ဗိုလ်မှူးချုပ်ဌေးနိုင်ဖြစ်ပါတယ်။ ယနေ့ ကျွန်တော်တို့အစီအစဉ်မှာပါရှိတဲ့ ပြည်သူ့ရေးရာစီမံခန့်ခွဲရေးရာကော်မတီကတင်ပြတဲ့ ဥပဒေခုနှစ်ခု ရှိပါတယ်။ ကျွန်တော်တို့ အစည်းအဝေးအစီအစဉ်မှာ ပြည်သူ့လွှတ်တော်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲရေး ကော်မတီကဆိုတဲ့အသုံးအနှုန်း သုံးထားတာရှိပါတယ်။ ဒီဥပဒေနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ကော်မတီမှာ စည်းဝေးခြင်း၊ ဆုံးဖြတ်ခြင်း ဒီနေ့အခါမှာမရှိတော့ပါဘူး။ ကျွန်တော် ဒီလွှတ်တော် စရောက်ခြင်းမှာပဲ ဒီအစီအစဉ်ကိုတွေ့ပြီးတော့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဆက်ပြီး တော့ ဦးတင်မောင်ဦးကို ကျွန်တော်တို့ မေးကြည့်ပါတယ်။ ဒီဥပဒေဟာ ကျွန်တော်တို့ကော်မတီမှာ မဆွေးနွေးပဲနဲ့ ဒီအခုဆွေးနွေးတဲ့အဆင့်ထိ၊ ဘယ်လောက်ထိ ဘယ်လိုဖြစ်ပြီးရောက်လည်းမေးတဲ့အခါ မှာ အစတုန်းမှာကတော့ ဦးတင်မောင်ဦးက သူရဲ့တစ်ဦးချင်းအရ တင်ပြတဲ့ဥပဒေကြမ်းလို့ သိရပါ တယ်။ နောက်ပိုင်းမှာ ကျွန်တော်တို့အခြေအနေ ဘယ်လိုအကြောင်းကြောင့်ဖြစ်လဲတော့ ကျွန်တော်တို့ မသိပါဘူး။ သို့သော်လည်းပဲ ဦးတင်မောင်ဦးတင်ပြတဲ့၊ တစ်ဦးချင်းတင်ပြတဲ့ကိစ္စရပ်တွေ ကျွန်တော်တို့ အခု လက်ရှိအခြေအနေနဲ့ကြည့်မယ်ဆိုရင်တော့ ဥပဒေနဲ့လွဲနေတယ်လို့ ကျွန်တော်တို့ယူဆပါတယ်။ ဒါကတော့ ကျွန်တော့်တစ်ဦးချင်းရဲ့ ယူဆချက်ဖြစ်ပါတယ်။ တစ်ဦးချင်းဖြစ်တဲ့အပြင်ကို ကျွန်တော်တို့ ကော်မတီဝင်တစ်ယောက်ရဲ့တင်ပြချက်ပဲဖြစ်ပါတယ်။ အဲဒီတော့ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော် နည်းဥပဒေ ၇၇ ရယ်၊ ပြည်သူ့လွှတ်တော် နည်းဥပဒေ ၁၈၀၊ ၁၈၁၊ ၁၈၂ များအရ ကျွန်တော်တို့ ဥပဒေအနဲ့ညီ/မညီ ဥက္ကဋ္ဌကြီးအနေနဲ့ ပြန်လည်သုံးသပ်ပြီးတော့ မှန်/မမှန် ကျွန်တော့်အနေနဲ့တင်ပြ လိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးတင်မောင်ဦးပြောပါ။

**ဦးတင်မောင်ဦး(အတွင်းရေးမှူး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ)**။ ။ ဒီဥပဒေနဲ့ပတ်သက် ပြီးတော့ ပြီးခဲ့တဲ့ (သောကြာနေ့) ၁ နာရီခွဲမှာ ဥပဒေကြမ်းကော်မတီမှာ အစည်းအဝေးလုပ်ပါတယ်။ အစည်းအဝေးပြီးတဲ့အချိန် ၃ နာရီခွဲ ဖြစ်ပါတယ်။ ဒီမနက် ကျွန်တော်တို့ညက Agenda မှာ ပါလာတာကို တွေ့ရပါတယ်။ ဒါကြောင့် ဒီမနက်ရုံးမှာရောက်ရောက်ချင်း ကျွန်တော်တို့ အစည်းအဝေး လုပ်ဖို့ အချိန်ကန့်သတ်ချက်အရ ဘယ်လိုမှမရနိုင်ပါဘူး။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ကျွန်တော်တို့ ကော်မတီမှာကော်မတီဝင် စုစုပေါင်း ၁၅ ဦး ရှိပါတယ်။ အဲဒီမှာ မတ္တရာက ဦးမြင့်မောင် ကွယ်လွန် သွားတဲ့အတွက်ကြောင့် ၁၄ ဦးကျန်ရှိပါတယ်။ အဲဒီ ၁၄ ဦးမှာရှိတဲ့ ဥက္ကဋ္ဌကြီးဖြစ်တဲ့ ဦးမောင်ဦး အပါအဝင် ကျန်တဲ့ပုဂ္ဂိုလ်အားလုံးကို ကျွန်တော် မနက်က ကော်မတီရုံးကနေ ကျွန်တော်ကိုယ်တိုင်

ဆက်တာလည်း ရှိပါတယ်။ ကော်မတီက တာဝန်ရှိတဲ့လူနေတွေနဲ့လည်း ဒါနဲ့ပတ်သက်လို့ ဆွေးနွေးဖို့ ရှိတယ်။ ဆွေးနွေးမလားဆိုပြီး မေးပါတယ်။ ဒါအချိန်ကန့်သတ်ချက်အရဖြစ်ပါတယ်။ ကျွန်တော်တို့ ယနေ့ လွှတ်တော်ထဲမှာ လုပ်နေတဲ့လုပ်ငန်းအားလုံးသည် အားလုံးကအရေးကြီးတဲ့အခါကျတော့ ကန့်သတ်ချက်ကို ကျွန်တော်တို့ မီအောင်လိုက်လုပ်ရတဲ့အနေအထားဖြစ်ပါတယ်။ ကော်မတီမှာလည်း ကျွန်တော်တို့ အခက်အခဲတွေအများကြီးပါ။ ဒါကြောင့် ကျွန်တော်တို့ ဒါနဲ့ပတ်သက်ပြီးတော့ တင်ပြရတဲ့ အခါမှာ ကော်မတီဝင်၊ လက်ရှိ အခုတင်ပြတဲ့ ဗိုလ်မှူးချုပ်ဌေးနိုင်အပါအဝင် ကျွန်တော်တို့ ၁၄ ယောက်ရှိပါတယ်။ မနက်က ကျွန်တော်တို့ တင်ပြပါတယ်။ ဒါနဲ့ပတ်သက်လို့ သဘောတူတဲ့ ကျွန်တော်တို့ ကော်မတီဝင်များ အားလုံးကျွန်တော်တို့ မတ်တတ်ရပ်ပြမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ကော်မတီဝင်များ မတ်တတ်ရပ်ဖို့ ဖိတ်ခေါ်ပါတယ်ခင်ဗျား။ အဲတော့ ကျွန်တော်တို့အားလုံး ရှိတာ ၁၄ ယောက် ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ** ။ ။ ခဏ။ ဒီအလုပ်က လွှတ်တော်ဥက္ကဋ္ဌလုပ်မယ်။ လွှတ်တော်ဥက္ကဋ္ဌလုပ်မယ်။ အဲတော့ ကိုယ်ဘက်ကပြောစရာရှိတာကိုပြော။

**ဦးတင်မောင်ဦး(အတွင်းရေးမှူး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ)**။ ။ ဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့ဘက်ကအားလုံး မနက်က သဘောတူညီစွာနဲ့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း တင်ပြအပ်ပါ တယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကောင်းပြီ။ အဲဒီတော့ ဗိုလ်မှူးချုပ်ဌေးနိုင် တင်ပြတာလည်း ဥပဒေ၊ နည်းဥပဒေ နဲ့အညီ တင်ပြတာဖြစ်ပါတယ်။ ဦးတင်မောင်ဦးကတော့ အချိန်ကန့်သတ်ချက်ကြောင့် ဥပဒေနဲ့ ညီအောင် ပြန်ပြီးတော့ဆောင်ရွက်တဲ့ကိစ္စလို့ပဲယူဆပါတယ်။ ဒါကြောင့်မို့လို့ အခု ဦးတင်မောင်ဦးက သူရဲ့ Private Bill အဖြစ် တင်ပြခဲ့တယ်။ အခုတင်ပြခဲ့တဲ့နေရာမှာတော့ မပါဘူးပေါ့လေ။ ဒီကိစ္စနဲ့ ပတ်သက်လို့ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးကို ဥပဒေကြမ်းပူးပေါင်းကော်မတီကခေါ်ပြီးတော့ ဆွေးနွေးတယ်လို့ကြားတယ်။ မှန်ပါသလား။ ဘယ်ရက်မှာဆွေးနွေးလဲ။ ဘယ်အချိန်မှာ ဆွေးနွေးလဲ။

**ဦးတီခွန်မြတ်(ဥက္ကဋ္ဌ၊ဥပဒေကြမ်းကော်မတီ)**။ ။ သောကြာနေ့ ၁ နာရီမှာ သက်ဆိုင်ရာဝန်ကြီး ဌာနကနေ ကျွန်တော်တို့ခေါ်ယူပြီးမှ ဆွေးနွေးတင်ပြခဲ့ပြီးဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ ကောင်းပြီ။ အဲဒီတုန်းက ခေါ်ယူဆွေးနွေးတာက ဘာ့ကြောင့်ဆွေးနွေးတာလဲ။

**ဦးတီခွန်မြတ်(ဥက္ကဋ္ဌ၊ဥပဒေကြမ်းကော်မတီ)။** ။ ဥပဒေကြမ်းကော်မတီအနေနဲ့ ဥပဒေကြမ်းအသစ်တစ်ရပ်ရောက်လာပြီဆိုလို့ရှိရင် သက်ဆိုင်ရာဝန်ကြီးဌာနတွေကို ကျွန်တော်ခေါ်ယူပြီးမှ သူတို့ရဲ့ သဘောထားတွေ၊ သူတို့ဆီက ကောင်းမွန်တဲ့အကြံဉာဏ်တွေရယူပြီးမှ ကျွန်တော် တို့ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ကောင်းပြီ။ ဒါကြောင့်မို့လို့ ဖြစ်စဉ်ကတော့ ဒီလိုဖြစ်ခဲ့တယ်ပေါ့။ သို့ရာတွင် ဗိုလ်မှူးချုပ်ဌေးနိုင်လည်း သူအနေနဲ့ သူမှာတင်ပြဖို့၊ ဆွေးနွေးဖို့ ဥပဒေနဲ့အညီ ပြောဆိုခြင်းဖြစ်ပါတယ်။ အဲဒီတိုင်းပဲ ဦးတင်မောင်ဦးဘက်ကလည်း အခြေအနေအရ အရေးတကြီးဆောင်ရွက်ရမယ့်ကိစ္စဖြစ်တဲ့အတွက် အခုလိုဆောင်ရွက်ခဲ့ခြင်းဖြစ်တယ်။ အဲဒီလိုဖြစ်တဲ့အခါမှာလည်း ကော်မတီရဲ့ ဆုံးဖြတ်ချက်ကတော့ မပါခဲ့ဘူး။ သို့ရာတွင် မနက်ကရတဲ့အချိန်ပေါ်မှာမူတည်ပြီးတော့ ကော်မတီရဲ့ ဆုံးဖြတ်ချက်ရဖို့အတွက် တောင်းခံခဲ့တယ်လို့ ကြားသိရပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ ဒီအစည်းအဝေးခန်းမမှာ ပြည်သူ့ရေးရာစီမံခန့်ခွဲရေးကော်မတီ ဘယ်နှစ်ယောက်ရှိပါသလဲ။ အဲဒီ ပြည်သူ့ရေးရာစီမံခန့်ခွဲရေးကော်မတီများ မတ်တတ်ရပ်ပေးပါ။ ဦးမောင်ဦးဘက်မှာ ငါးယောက်ဖြစ်ပါတယ်။ နောက်ဒီဘက်အတန်းမှာက လေးယောက်ဖြစ်ပါတယ်။ ဒီဘက်မှာက နှစ်ယောက်။ ဒီဘက်မှာက တစ်ယောက် ၁၃ ယောက် ဖြစ်ပါတယ်။ ကျန်တဲ့သူတွေတော့ ဒီမှာမတတ်ကြဘူးပေါ့လေ။ အားလုံး ၁၃ ယောက်မှန်သလား။ ဦးမောင်ဦးဘက်မှာ ဘယ်နှစ်ယောက်ရှိလဲ။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ငါးယောက်။ ဦးတင်မောင်ဦးဘက်မှာ လေးယောက်။ ကိုးယောက်။ နောက် ဒီဘက်က သုံးယောက်။ အားလုံး ၁၂ ယောက်။ ဗိုလ်မှူးချုပ်ဌေးနိုင်နဲ့ ၁၃ ယောက်။ ဒါကြောင့်မို့လို့ ဒီလို မူလဦးတင်မောင်ဦးက Private Bill ဖြင့်တင်တယ်။ ယခု ပြောင်းလဲပြီးတဲ့အခါမှာ ဒီဥပဒေကြမ်းကိုပဲ ကော်မတီရဲ့ Bill အဖြစ် တင်တယ်။ တင်တာနဲ့ပတ်သက်လို့ ဒီအခန်းထဲမှာရှိတဲ့ ကော်မတီထဲက ကော်မတီဝင်များအနေနဲ့ ဒီလိုတင်ပြမှုကို သဘောမတူတဲ့သူရှိလို့ရှိရင် ကော်မတီထဲကပုဂ္ဂိုလ်များ ထိုင်ပေးပါ။ ဗိုလ်မှူးချုပ်ဌေးနိုင်တစ်ယောက်ထိုင်ပါတယ်။ ဒီဘက်မှာကျန်တာတစ်ယောက် သုံးယောက် ဖြစ်ပါတယ်။ ဒီဘက်မှာ လေးယောက်ဖြစ်ပါတယ်။ ခုနစ်ယောက်ဖြစ်ပါတယ်။ ဒီဘက်မှာ ၁၂ ယောက် ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာသည် ဒီကော်မတီရဲ့ အဆုံးအဖြတ်ဖြစ်တဲ့အတွက် ဆက်လက်ပြီးတော့ ဦးတင်မောင်ဦးက ဆောင်ရွက်ဖို့ဖြစ်ပါတယ်။

**ပြည်သူ့လွှတ်တော်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကိုတင်သွင်းခြင်း**

**ဦးတင်မောင်ဦး(အတွင်းရေးမှူး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိဘဲ ဆန့်ကျင်လျက်ရှိတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပါ ပြဋ္ဌာန်းချက်များကို ပြင်ဆင်နိုင်ရေး ဥပဒေကြမ်းတင်သွင်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ၂၀၀၈ ခုနှစ်ပါ ပြဋ္ဌာန်းချက်များအား ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်ပဲညီညွတ်မှုရှိစေရန်လိုအပ်ပါတယ်။ သို့ဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၆ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၀၃ တို့အရ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်မှာ ပုဒ်မ ၆၄ နှင့် မညီညွတ်ပဲဆန့်ကျင်လျက်ရှိရင် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၇ ပုဒ်မခွဲ(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်ပါ ပုဒ်မ ၂၃၂ ပုဒ်မခွဲ(ဋ)တို့နှင့် မညီညွတ်ပဲဆန့်ကျင်လျက်ရှိတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ၁၇ ပုဒ်မခွဲ(ဃ) တို့ကို ပြင်ဆင်ထားရှိတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဆွေးနွေးအတည်ပြုပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၈ နည်းဥပဒေခွဲ(ခ)အရ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဖတ်ကြားရှင်းလင်းဖို့ ဥပဒေကြမ်းကော်မတီအားဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြသော ဧည့်သည်တော်များ

အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာစိုးမိုးအောင်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ ပြည်ထောင်စု အစိုးရအဖွဲ့ ဥပဒေကိုပြင်ဆင်တဲ့ဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ ရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းမှာဖြစ်ပါတယ်။

၁။ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းသော ပြည်ထောင်စု အစိုးရအဖွဲ့ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးက ပြည်ထောင်စု လွှတ်တော်ဆိုင်ရာနည်းဥပဒေ၊ ၈၀နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ပါရန် ပေးပို့လာပါသည်။

၂။ ဤဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက ပြင်ဆင်ရခြင်း၏ အကြောင်းအရင်းများကို အောက်ပါအတိုင်း တင်ပြထားပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၆၄ မှာ နိုင်ငံတော်သမ္မတသို့မဟုတ် ဒုတိယသမ္မတများသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက် ခြင်းခံရသည့်နေ့မှစ၍ မိမိတို့ရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ။

၂၃၂(ဋ)။ ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ မိမိရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်း များတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ။

၂၃၄(စ)။ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသူသည် လွှတ်တော် တစ်ရပ်ရပ်၏ ကိုယ်စားလှယ်သော်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းသော် လည်းကောင်း၊ တပ်မတော်သားသော်လည်းကောင်း၊ နိုင်ငံရေးပါတီ တစ်ခုခု၏အဖွဲ့ဝင်သော်လည်းကောင်း ဖြစ်ပါကပုဒ်မ ၂၃၂ ပုဒ်မခွဲ (ဈ)၊ (ည) နှင့် (ဋ) ပါ ပြဋ္ဌာန်းချက်များနှင့်လည်း သက်ဆိုင်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥပဒေအမှတ် ၁၅/၂၀၁၁)

**မူကြမ်း**

၇။ ပုဒ်မ ၆၊ ပုဒ်မခွဲ (က) ပါ ပြည်ထောင်စုအစိုးရအဖွဲ့ အဖွဲ့ဝင်တစ်ဦးဦးသည် -

(ခ) ပုဒ်မခွဲ (က)အရ ဆောင်ရွက်ရာတွင် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင် ဖြစ်လျှင်သော်လည်းကောင်း၊ တစ်သီးပုဂ္ဂလရွေးချယ်ခံခဲ့သူဖြစ်လျှင်သော် လည်းကောင်း၊ သီးခြားခန့်အပ်တာဝန်ပေးခြင်းခံခဲ့ရသည့် နိုင်ငံသား တစ်ဦးဖြစ်လျှင်သော်လည်းကောင်း အဆိုပါပုဂ္ဂိုလ်သည် နောင်လာမည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ရပ်တွင် ပါဝင်ရွေးချယ်ခံမည့်သူ ဖြစ်ပါက နိုင်ငံသားတစ်ဦးအား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ(က)အရ ပေးအပ်ထားသော ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန်အလို့ငှာ ရွေးကောက်ပွဲကျင်းပရန် ပြည်ထောင်စုရွေးကောက် ပွဲကော်မရှင်က ကြေညာသည့်နေ့မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀ နှင့် ၁၂၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီလျှင် ရွေးကောက်ပွဲ ဆိုင်ရာပါတီစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း၊ နယ်မြေစည်းရုံးရေး လုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ခွင့်ရှိသည်။

၁၇ (ဃ)။ ဒုတိယဝန်ကြီးများသည် ပုဒ်မခွဲ(ဂ)အရ ဆောင်ရွက်ရာတွင် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင်သော်လည်းကောင်း၊ တစ်သီးပုဂ္ဂလရွေးချယ်ခံခဲ့သူဖြစ်လျှင်သော်လည်းကောင်း၊ သီးခြားခန့် အပ်တာဝန်ပေးခြင်းခံခဲ့ရသည့် နိုင်ငံသားတစ်ဦးဖြစ်လျှင်သော် လည်းကောင်း အဆိုပါပုဂ္ဂိုလ်သည်နောင်လာမည့် အထွေထွေ ရွေးကောက်ပွဲတစ်ရပ်ရပ်တွင် ပါဝင်ရွေးချယ်ခံမည့်သူဖြစ်ပါက နိုင်ငံသားတစ်ဦးအား ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ၃၈၊ ပုဒ်မခွဲ(က)အရ ပေးအပ်ထားသော ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန်အလို့ငှာ ရွေးကောက်ပွဲကျင်းပရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာသည့်နေ့မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀ နှင့် ၁၂၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီလျှင်ရွေးကောက်ပွဲဆိုင်ရာ ပါတီ စည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း၊ နယ်မြေစည်းရုံးရေးလုပ်ငန်း များကိုလည်းကောင်း ဆောင်ရွက်ခွင့်ရှိသည်

ဟုပြဋ္ဌာန်းထားသဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၇ ပုဒ်မခွဲ (ခ)နှင့်ပုဒ်မ ၁၇ ပုဒ်မခွဲ (ဃ) တို့သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၄၊ ပုဒ်မ ၂၃၂ ပုဒ်မခွဲ

(၄) နှင့် ပုဒ်မ ၂၃၄ ပုဒ်မခွဲ (စ)တို့နှင့် ဆန့်ကျင်နေသည့်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်စေရန် ပြင်ဆင်ရခြင်းဖြစ်ကြောင်း တင်ပြထားသည်ကို လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၉-၆-၂၀၁၅ ရက်နေ့တွင် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယရှေ့နေချုပ်ဦးထွန်းထွန်းဦးနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်ဖြစ်သော ဦးမြသိန်းနှင့်ဦးမြင့်ဝင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမျိုးညွန့်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာတွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဤဥပဒေကြမ်းတွင် ပြင်ဆင်သည့် ဥပဒေအပိုဒ်ပေါင်း (၂)ခုပါရှိပါသည်။

(ခ) ပြင်ဆင်သည့် ဥပဒေကြမ်းပါ အခန်း (၁) ဟူသောစကားရပ်ကိုမလိုအပ်ပါသဖြင့် ပယ်ဖျက်ပါသည်။

(ဂ) အပိုဒ် ၁ နှင့် အပိုဒ် ၂ တို့ကိုအဆိုပြုပြဋ္ဌာန်းချက်အတိုင်းထားရှိပါသည်။

၄။ သို့ဖြစ်ပါ၍ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီးနည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

## ပြည်သူ့လွှတ်တော်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းသည့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊

အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၄-၆-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် ဖြစ်ကြောင်းအသိပေးကြေညာပါတယ်။

**ပြည်သူ့လွှတ်တော်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက ပြည်ထောင်စုရှေ့နေချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က) အရ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက ပြည်ထောင်စုရှေ့နေချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း တင်သွင်းရန် ဖြစ်ပါတယ်။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီအား ဥပဒေကြမ်းတင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဦးတင်မောင်ဦး(အတွင်းရေးမှူး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိဘဲ ဆန့်ကျင်လျက်ရှိတဲ့ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပါ ပြဋ္ဌာန်းချက်ကို ပြင်ဆင်နိုင်ရေးအတွက် ဥပဒေကြမ်းတင်သွင်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပါ ပြဋ္ဌာန်းချက်များဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်ဘဲ ညီညွတ်မှုရှိစေရန် လိုအပ်ပါတယ်။ သို့ဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၆၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၀၃ တို့အရ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါ ပုဒ်မ ၂၃၇ ပုဒ်မခွဲ(ဈ)နှင့် မညီညွတ်ဘဲနဲ့ ဆန့်ကျင်လျက်ရှိတဲ့ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ ပုဒ်မ ၇ ပုဒ်မခွဲ(ခ)ကို ပြင်ဆင်ထားရှိတဲ့ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဆွေးနွေးအတည်ပြုပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပြည်ထောင်စုရှေ့နေချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ) အရ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

နှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဖတ်ကြားရှင်းလင်းဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကော်မတီရဲ့အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌရဲ့တာဝန်ပေးချက်အရ လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာ။

၁။ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းသော ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။

၂။ ဤဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက ပြင်ဆင်ရခြင်းမှာ-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)

၂၃၇(ဇ)။ ပြည်ထောင်စုရှေ့နေချုပ်သည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် ပြည်ထောင်စုရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ မိမိရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ။

၂၃၉(ဂ)။ ဒုတိယရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသူသည် လွှတ်တော်တစ်ရပ်ရပ်၏ ကိုယ်စားလှယ်သော်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းသော်လည်းကောင်း၊ နိုင်ငံရေးပါတီတစ်ခုခု၏အဖွဲ့ဝင်သော်လည်းကောင်း ဖြစ်ပါက ပုဒ်မ ၂၃၇ ပုဒ်မခွဲ(စ)၊ (ဆ)နှင့် (ဇ)ပါ ပြဋ္ဌာန်းချက်များနှင့်လည်း သက်ဆိုင်စေရမည် ဟုပြဋ္ဌာန်းထားပါသည်။

**မူကြမ်း**

(ခ) ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၂၂/၂၀၁၀)

၇။ ပြည်ထောင်စုရှေ့နေချုပ်နှင့် ဒုတိယရှေ့နေချုပ်တစ်ဦးဦးသည် -

(ခ) ပုဒ်မခွဲ(က)အရ ဆောင်ရွက်ရာတွင် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင်သော်လည်းကောင်း၊ တစ်သီးပုဂ္ဂလရွေးချယ်ခံခဲ့သူဖြစ်လျှင်သော်လည်းကောင်း၊ သီးခြားခန့်အပ်တာဝန်ပေးခြင်းခံခဲ့ရသည့် နိုင်ငံသားတစ်ဦးဖြစ်လျှင်သော်လည်းကောင်း အဆိုပါပုဂ္ဂိုလ်သည် နောင်လာမည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ရပ်တွင် ပါဝင်ရွေးချယ်ခံမည့်သူဖြစ်ပါက နိုင်ငံသားတစ်ဦးအား ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈ ပုဒ်မခွဲ(က)အရ ပေးအပ်ထားသော ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မဆုံးရှုံးစေရန်အလို့ငှာ ရွေးကောက်ပွဲကျင်းပရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာသည့်နေ့မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀ နှင့် ၁၂၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီလျှင် ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ခွင့်ရှိသည် ဟုပြဋ္ဌာန်းထားသဖြင့် ပြည်ထောင်စုရှေ့နေချုပ် ဥပဒေပုဒ်မ ၇ ပုဒ်မခွဲ(ခ) သည်နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၇ ပုဒ်မခွဲ (ဇ) နှင့် ပုဒ်မ ၂၃၉ ပုဒ်မခွဲ(ဂ) တို့နှင့် ဆန့်ကျင်နေသည့်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်စေရန် ပြင်ဆင်ရခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၉-၆-၂၀၁၅ ရက်နေ့တွင် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်ဖြစ်သော ဦးမြသိန်းနှင့် ဦးမြင့်ဝင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမျိုးညွန့်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့်

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဤဥပဒေကြမ်းတွင် အပိုဒ်ပေါင်း (၂)ခုပါရှိပါသည်။

(ခ) အခန်း(၁) ဟူသောစကားရပ်ကို မလိုအပ်ပါသဖြင့် ပယ်ဖျက်ပါသည်။

(ဂ) အပိုဒ် ၁ နှင့် အပိုဒ် ၂ ကိုအဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပြည်သူ့လွှတ်တော်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းသည့် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင် ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်း ဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၄-၆-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်း တင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ပြည်သူ့လွှတ်တော်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၄ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက

ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း တင်သွင်းရန်ဖြစ်ပါတယ်။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီအား ဥပဒေကြမ်းတင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးတင်မောင်ဦး(အတွင်းရေးမှူး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ)**။ ။ ကျွန်တော့်အနေနဲ့ ဆက်လက်ပြီးတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိဘဲ ဆန့်ကျင်နေတဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပါ ပြဋ္ဌာန်းချက်ကို ပြင်ဆင်နိုင်ရေး ဥပဒေကြမ်းတင်သွင်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပါ ပြဋ္ဌာန်းချက်များဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်ဘဲ ညီညွတ်မှုရှိနေရန် လိုအပ်ပါတယ်။ သို့ဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၆၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၀၃ တို့အရ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါ ပုဒ်မ ၂၄၂ ပုဒ်မခွဲ(ဆ)နှင့် ဆန့်ကျင်လျက်ရှိတဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ ၇ ပုဒ်မခွဲ(ခ)ကို ပြင်ဆင်ထားရှိတဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ဆွေးနွေးအတည်ပြုပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၅ ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ) အရ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိချက် အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန် ဖြစ်ပါတယ်။ အစီရင်ခံစာဖတ်ကြားရှင်းလင်းရန် ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကျိုင်းတုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးစတီဖန်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ ဖတ်ကြားတင်ပြရှင်းလင်းမှာ ဖြစ်ပါတယ်ခင်ဗျား။

၁။ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းသော ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ၊ ၈၀ နည်းဥပဒေခွဲ (က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။

၂။ ဤဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက ပြင်ဆင်ရခြင်းမှာ-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)

၂၄၂(ဆ)။ ပြည်ထောင်စုစာရင်းစစ်ချုပ်သည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ မိမိရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ။ ဟု ပြဋ္ဌာန်းထားပါသည်။

(ခ) ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂၃/၂၀၁၀)

၇။ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ဒုတိယစာရင်းစစ်ချုပ်တစ်ဦးဦးသည်-

(ခ) ပုဒ်မခွဲ(က)အရ ဆောင်ရွက်ရာတွင် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင်သော်လည်းကောင်း၊ တစ်သီးပုဂ္ဂလ ရွေးချယ်ခံခဲ့သူဖြစ်လျှင်သော်လည်းကောင်း၊ သီးခြားခန့်အပ်တာဝန်ပေးခြင်း ခံခဲ့ရသည့် နိုင်ငံသားတစ်ဦးဖြစ်လျှင်သော်လည်းကောင်း အဆိုပါပုဂ္ဂိုလ်သည် နောင်လာမည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ရပ်တွင် ပါဝင်ရွေးချယ်ခံမည့်သူဖြစ်ပါက နိုင်ငံသားတစ်ဦးအား ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၊ ပုဒ်မခွဲ(က)အရ ပေးအပ်ထားသော ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန်အလို့ငှာ ရွေးကောက်ပွဲကျင်းပရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာသည့်နေ့မှစ၍ ဖွဲ့စည်းပုံအခြေခံ

ဥပဒေ ပုဒ်မ ၁၂၀ နှင့် ၁၂၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီလျှင် ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေး လုပ်ငန်းများကိုလည်းကောင်း၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ခွင့်ရှိသည်။

ဟု ပြဋ္ဌာန်းထားသဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ ၇ ပုဒ်မခွဲ(ခ)သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၄၂ ပုဒ်မခွဲ(ဆ)နှင့် ဆန့်ကျင်နေသည့်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်စေရန် ပြင်ဆင်ရခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၉.၆.၂၀၁၅ ရက်နေ့တွင် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်ဖြစ်သော ဦးမြသိန်းနှင့် ဦးမြင့်ဝင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမျိုးညွန့်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ တွေ့ရှိချက်နှင့်ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဤဥပဒေကြမ်းတွင် အပိုဒ်ပေါင်း (၂) ခုပါရှိပါသည်။

(ခ) အခန်း (၁) ဟူသော စကားရပ်ကို မလိုအပ်ပါသဖြင့် ပယ်ဖျက်ပါသည်။

(ဂ) အပိုဒ် ၁ နှင့် အပိုဒ် ၂ တို့ကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရစိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ပြည်သူ့လွှတ်တော်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းသည့် ပြည်ထောင်စု စာရင်းစစ်ချုပ်ဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့်လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်း ဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိ ကျကျဖော်ပြ၍ ၂၄-၆-၂၀၁၅ ရက်(ဗုဒ္ဓဟူးနေ့) နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ် ကြောင်း အသိပေးကြေညာပါတယ်။

**ပြည်သူ့လွှတ်တော်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကိုတင်သွင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ကော်မတီက ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတင်သွင်းရန် ဖြစ်ပါ တယ်။ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီက ဥပဒေကြမ်းတင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဦးတင်မောင်ဦး(အတွင်းရေးမှူး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ)**။ ။ လေးစားအပ်ပါ သော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ၂၀၀၈ ခုနှစ်ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိဘဲ ဆန့်ကျင်လျက်ရှိတဲ့ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥပဒေပါ ပြဋ္ဌာန်းချက်ကို ပြင်ဆင်နိုင်ရေး ဥပဒေကြမ်းကို ဆက်လက်တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေပါ ပြဋ္ဌာန်းချက်များဟာ ဖွဲ့စည်းပုံ အခြေခံဥပဒေ ၂၀၀၈ ခုနှစ်ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်ပဲ ညီညွတ်မှုရှိနေဖို့ လိုအပ်ပါတယ်။ သို့ဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၆ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၀၃ တို့အရ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်ပါ ပုဒ်မ ၂၄၆ ပုဒ်မခွဲ(ခ)နှင့် ဆန့်ကျင်လျက်ရှိတဲ့ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥပဒေပုဒ်မ ၇ ပုဒ်မခွဲ(ခ)ကို ပြင်ဆင်ထားရှိတဲ့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို

ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးအတည်ပြုပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လွှတ်တော်သို့ တင်ပြအပ်ပါတယ်။

**ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၈ ဖြစ်ပါတယ်။၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥဒေခွဲ(ခ) အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရန်ဖြစ်ပါတယ်။ ဖတ်ကြားရှင်းလင်းဖို့ ဥပဒေကြမ်း ကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်လာကြသော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ ဒီမောဆိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးစိုးရယ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ဥပဒေ ကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက် အစီ ရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

၁။ ပြည်သူ့လွှတ်တော်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းသော ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးက ပြည်ထောင်စု လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင် ရန် အထက်ရည်ညွှန်းပါစာဖြင့်ပေးပို့လာပါသည်။

၂။ ဤဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက ပြင်ဆင်ရခြင်းမှာ-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ ပုဒ်မ ၂၄၆ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၆)တွင် နိုင်ငံရေးပါတီဝင်မဟုတ်သူဟု ပြဋ္ဌာန်း ထားပါသည်။

(ခ) ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥပဒေအမှတ် (၂၄/၂၀၁၀)မှ ပုဒ်မ ၇ ပုဒ်မခွဲ(ခ)တွင်

၇။ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် -

(ခ) နောင်လာမည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ရပ်တွင် ပါဝင်ရွေးချယ် ခံမည့်သူဖြစ်ပါက နိုင်ငံသားတစ်ဦးအား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈ ပုဒ်မခွဲ (က) အရ ပေးအပ်သော ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန်အလို့ငှာရွေးကောက်ပွဲကျင်းပရန် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာသည့်နေ့မှစ၍ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၂၀ နှင့် ၁၂၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီလျှင် ရွေးကောက်ပွဲဆိုင်ရာပါတီစည်းရုံးရေးလုပ်ငန်းများကို လည်းကောင်း၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ခွင့်ရှိ သည်ဟု ပြဋ္ဌာန်းထားသဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေပုဒ်မ ၇ ပုဒ်မခွဲ (ခ)သည် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၆ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် ၆ နှင့် ဆန့်ကျင်နေသည့်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်ညီညွတ်စေရန် ပြင်ဆင်ရခြင်းဖြစ် ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၉-၆-၂၀၁၅ ရက်နေ့တွင် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ် သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဒုတိယ ရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်ဖြစ် သော ဦးမြသိန်းနှင့် ဦးမြင့်ဝင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမျိုးညွန့်၊ ပြည်ထောင်စုရာထူးဝန် အဖွဲ့နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာတွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဤဥပဒေကြမ်းတွင် အပိုဒ်ပေါင်း (၂)ခုပါရှိပါသည်။

(ခ) အခန်း (၁) ဟူသောစကားရပ်ကိုမလိုအပ်ပါသဖြင့် ပယ်ဖျက်ပါသည်။

**မူကြမ်း**

(ဂ) အပိုဒ် ၁ နှင့် အပိုဒ် ၂ တို့ကိုအဆိုပြုပြဋ္ဌာန်းချက်အတိုင်းထားရှိပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရစိစစ်ခဲ့ပြီးနည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါသည်။

**ပြည်သူ့လွှတ်တော်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကိုဆွေးနွေး၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့်လွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်းတင်သွင်း နိုင်ကြောင်းကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၄-၆-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ပြည်သူ့လွှတ်တော်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက နေပြည်တော်ကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၂၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက နေပြည်တော်ကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း တင်သွင်းရန်ဖြစ်ပါတယ်။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ကော်မတီအား ဥပဒေကြမ်းတင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဦးတင်မောင်ဦး(အတွင်းရေးမှူး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိ/မရှိနှင့် ဆန့်ကျင်လျက်ရှိတဲ့ နေပြည်တော်ကောင်စီဥပဒေပါပြဋ္ဌာန်းချက်ကို ပြင်ဆင်နိုင်ရေး ဥပဒေကြမ်းကို ဆက်လက်တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နေပြည်တော်ကောင်စီဥပဒေပါ ပြဋ္ဌာန်းချက်များဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်ဘဲညီညွတ်မှုရှိနေဖို့ လိုအပ်ပါတယ်။ သို့ဖြစ်ပါ၍ ဖွဲ့စည်းပုံ

အခြေခံဥပဒေ ပုဒ်မ ၄၄၆ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၀၃ တို့အရ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်ပါ ပုဒ်မ ၂၈၅ ပုဒ်မခွဲ(ဆ)နှင့်ဆန့်ကျင်လျက်ရှိတဲ့ နေပြည်တော်ကောင်စီဥပဒေပုဒ်မ ၆ ပုဒ်မခွဲ(ခ)ကို ပြင်ဆင်ထားရှိတဲ့ နေပြည်တော်ကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဆွေးနွေး အတည်ပြုပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။

**နေပြည်တော်ကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၂၁ ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ) အရ နေပြည်တော်ကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းရန်ဖြစ်ပါတယ်။ ဖတ်ကြားရှင်းလင်းဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ရှိသေလေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဝန်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်း ဒေသကြီး၊ ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ညို ဖြစ်ပါ တယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီ၏ကိုယ်စား နေပြည်တော်ကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိ ချက်အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

၁။ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းသော နေပြည်တော် ကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးက ပြည်ထောင်စု လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးရန် ပေးပို့လာခဲ့ပါသည်။

၂။ ဤဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက ပြင်ဆင်ရခြင်းမှာ-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၏

၂၈၅(ဆ)။ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ သို့မဟုတ် ကောင်စီဝင်တစ်ဦးဦးသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် နေပြည်တော်ကောင်စီ

ဥက္ကဋ္ဌ သို့မဟုတ် ကောင်စီဝင်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်းခံရသည့်နေ့မှစ၍ မိမိရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ။ ဟုပြဋ္ဌာန်းထားပါသည်။

(ခ) နေပြည်တော်ကောင်စီဥပဒေ (နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁၈/၂၀၁၀)၏

၆။ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များသည် -

(ခ) ပုဒ်မခွဲ(က)အရ ဆောင်ရွက်ရာတွင် နိုင်ငံရေးပါတီတစ်ခုခု၏အဖွဲ့ဝင်ဖြစ်လျှင်သော်လည်းကောင်း၊ တစ်သီးပုဂ္ဂလရွေးချယ်ခံခဲ့သူဖြစ်လျှင်သော်လည်ကောင်း၊ သီးခြားခန့်အပ် တာဝန်ပေးခြင်းခံခဲ့ရသည့်နိုင်ငံသားတစ်ဦးဖြစ်လျှင် သော်လည်းကောင်း အဆိုပါပုဂ္ဂိုလ်သည်နောင်လာမည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ရပ်တွင် ပါဝင်ရွေးချယ်ခံမည့်သူဖြစ်ပါက နိုင်ငံသားတစ်ဦးအား ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၊ ပုဒ်မခွဲ(က)အရ ပေးအပ်ထားသော ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန်အလို့ငှာ ရွေးကောက်ပွဲကျင်းပရန်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာသည့် နေ့မှစ၍ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂၀ နှင့် ၁၂၁ တို့က ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီလျှင် ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း၊ နယ်မြေစည်းရုံးရေး လုပ်ငန်းများကိုလည်းကောင်းဆောင်ရွက်ခွင့်ရှိသည်။

ဟု ပြဋ္ဌာန်းထားသဖြင့် နေပြည်တော်ကောင်စီ ဥပဒေ ပုဒ်မ ၆ ပုဒ်မခွဲ(ခ) သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၈၅ ပုဒ်မခွဲ(ဆ) နှင့် ဆန့်ကျင်နေသည့်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်စေရန် ပြင်ဆင်ရခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၉-၆-၂၀၁၅ ရက်နေ့တွင် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး

ကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့်အဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်ဖြစ်သော ဦးမြသိန်းနှင့် ဦးမြင့်ဝင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမျိုးညွန့်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ၅၉ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ကြရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဤဥပဒေကြမ်းတွင် အပိုဒ်ပေါင်း (၂)ခုပါရှိပါသည်။

(ခ) အခန်း(၁)ဟူသော စကားရပ်ကို မလိုအပ်ပါသဖြင့် ပယ်ဖျက်ပါသည်။

(ဂ) အပိုဒ် ၁ နှင့် အပိုဒ် ၂ တို့ကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

၄။ သို့ဖြစ်ပါ၍ နေပြည်တော်ကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပြည်သူ့လွှတ်တော်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းသည့် နေပြည်တော်ကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၂၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၄-၆-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ပြည်သူ့လွှတ်တော်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၂၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက ပြည်ထောင်စု တရားစီရင်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း တင်သွင်းရန်ဖြစ်ပါတယ်။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီအား ဥပဒေကြမ်း တင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးတင်မောင်ဦး(အတွင်းရေးမှူး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနှင့်ညီညွတ်မှုမရှိဘဲ ဆန့်ကျင်လျက်ရှိတဲ့ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပါ ပြဋ္ဌာန်းချက်ကို ပြင်ဆင်နိုင်ဖို့ ဥပဒေကြမ်း ဆက်လက်တင်သွင်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်ဘဲ ညီညွတ်မှုရှိနေဖို့ လိုအပ်ပါတယ်။ သို့ဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၆၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၀၃ တို့အရ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါ ပုဒ်မ ၃၀၀ ပုဒ်မခွဲ(က)နှင့် ဆန့်ကျင်လျက်ရှိတဲ့ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၂၉ ပုဒ်မခွဲ(ခ)ကို ပြင်ဆင်ထားရှိတဲ့ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ဆွေးနွေးအတည်ပြုပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့တင်သွင်းအပ်ပါတယ်။

**ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၂၄ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန် ဖြစ်ပါတယ်။ ဖတ်ကြားရှင်းလင်းဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်ဒွေးကြွယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌနှင့် တက်ရောက်လာသူအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်မကတော့ မွန်ပြည်နယ်၊ မော်လမြိုင်မဲဆန္ဒနယ် ကိုယ်စားလှယ်နှင့် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဒေါ်ခင်ဒွေးကြွယ် ဖြစ်ပါတယ်။ ကျွန်မမှ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို တင်ပြသွားမှာဖြစ်ပါတယ်။

၁။ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းသော ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ၊ ၈၀ နည်းဥပဒေခွဲ(က) အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာပါတယ်။

၂။ ဤဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက ပြင်ဆင်ရခြင်းမှာ-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)

၃၀၀(က)။ ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများသည် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရမည်။ ဟု ပြဋ္ဌာန်းထားပါသည်။

(ခ) ပြည်ထောင်စုတရားစီရင်ရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၂၀/၂၀၁၀)

၂၉(ခ)။ နောင်လာမည့် အထွေထွေရွေးကောက်ပွဲ တစ်ရပ်ရပ်တွင် ပါဝင်ရွေးချယ်ခံရမည့်သူဖြစ်ပါက နိုင်ငံသားတစ်ဦးအား ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၊ ပုဒ်မခွဲ(က)အရ ပေးအပ်သော ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန်အလို့ငှာ ရွေးကောက်ပွဲကျင်းပရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာသည့် နေ့မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀ နှင့် ၁၂၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီလျှင် ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများကို

လည်းကောင်း၊ နယ်မြေစည်းရုံးရေး လုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ခွင့်ရှိသည်။

ဟု ပြဋ္ဌာန်းထားသဖြင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၂၉ ပုဒ်မခွဲ(ခ)သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၀၀ ပုဒ်မခွဲ (က) နှင့် ဆန့်ကျင်နေသည့်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်စေရန် ပြင်ဆင်ရခြင်း ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၉.၆.၂၀၁၅ ရက်နေ့တွင် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့်အဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်များ ဖြစ်သော ဦးမြသိန်းနှင့် ဦးမြင့်ဝင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမျိုးညွန့်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဤဥပဒေကြမ်းတွင် အပိုဒ်ပေါင်း (၂)ခုပါရှိပါသည်။

(ခ) အခန်း (၁) ဟူသော စကားရပ်ကို မလိုအပ်ပါသဖြင့် ပယ်ဖျက်ပါသည်။

(ဂ) အပိုဒ် ၁ နှင့် အပိုဒ် ၂ တို့ကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

**ပြည်သူ့လွှတ်တော်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းသည့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့်လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၂၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၄-၆-၂၀၁၅ ရက်(ဗုဒ္ဓဟူးနေ့)နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၂၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီက နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းတင်သွင်းရန် ဖြစ်ပါတယ်။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီအား ဥပဒေကြမ်း တင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဦးတင်မောင်ဦး(အတွင်းရေးမှူး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု မရှိဘဲ ဆန့်ကျင်လျက်ရှိတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေပါ ပြဋ္ဌာန်းချက်ကို ပြင်ဆင်နိုင်ရေး ဥပဒေကြမ်းတင်သွင်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေပါ ပြဋ္ဌာန်းချက်များဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်ဘဲ ညီညွတ်မှုရှိဖို့ လိုပါတယ်။ သို့ဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၆၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၀၃ တို့အရ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါ ပုဒ်မ ၃၃၀ ပုဒ်မခွဲ(ဂ) နှင့် ဆန့်ကျင်လျက်ရှိတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေ ပုဒ်မ ၁၁ ကို ပြင်ဆင်

ထားရှိတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ဆွေးနွေးအတည်ပြုပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၂၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ) အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန် ဖြစ်ပါတယ်။ ဖတ်ကြားရှင်းလင်းဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းဝါနု(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ မင်္ဂလာပါရှင့်။ ကျွန်မကတော့ ဥပဒေကြမ်းကော်မတီဝင်တစ်ဦးဖြစ်ပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို တတိယအကြိမ် ပြင်ဆင်တဲ့ဥပဒေကြမ်းနဲ့ စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို တင်ပြမှာ ဖြစ်ပါတယ်ရှင်။

၁။ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ၊ ၈၀ နည်းဥပဒေခွဲ (က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံး၏ ၁၉-၆-၂၀၁၅ ရက်စွဲပါ စာအမှတ် ၆/၁၂/၁၀(၂၇၀)/ပထစ-၂၀၁၅ ရည်ညွှန်းပါစာဖြင့်ပေးပို့လာပါသည်။

၂။ ဤဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက ပြင်ဆင်ရခြင်းမှာ -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)

၃၃၀။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်တစ်ဦးသည် -

(ဂ) နိုင်ငံရေးပါတီတစ်ခုခု၌ အဖွဲ့ဝင်ဖြစ်လျှင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခြင်းခံရ

**မူကြမ်း**

သည့်နေ့မှစ၍ မိမိရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရဟု ပြဋ္ဌာန်းထားပါသည်။

(ခ) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၂၁/၂၀၁၀)

၁၁။ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင်သော်လည်းကောင်း၊ တစ်သီးပုဂ္ဂလရွေးချယ်ခံခဲ့သူဖြစ်လျှင်သော်လည်းကောင်း၊ သီးခြားခန့်အပ်တာဝန်ပေးခြင်းခံခဲ့ရသည့် နိုင်ငံသားတစ်ဦးဖြစ်လျှင်သော်လည်းကောင်း အဆိုပါပုဂ္ဂိုလ်သည် နောင်လာမည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ရပ်တွင် ပါဝင်ရွေးချယ်ခံမည့်သူဖြစ်ပါက နိုင်ငံသားတစ်ဦးအား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ(က)အရ ပေးအပ်ထားသော ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန်အလို့ငှာ ရွေးကောက်ပွဲကျင်းပရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာသည့်နေ့မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀ နှင့် ၁၂၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီလျှင် ရွေးကောက်ပွဲဆိုင်ရာပါတီစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ခွင့်ရှိသည် ဟုပြဋ္ဌာန်းထားသဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေပုဒ်မ ၁၁ သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၀ ပုဒ်မခွဲ(ဂ)နှင့် ဆန့်ကျင်နေသည့် အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်ညီညွတ်စေရန် ပြင်ဆင်ရခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၉-၆-၂၀၁၅ ရက်နေ့တွင် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယရှေ့နေချုပ်ဦးထွန်းထွန်းဦးနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးဦးမြင့်အောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်ဖြစ်သောဦးမြသိန်းနှင့် ဦးမြင့်ဝင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမျိုးညွန့်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့်

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာတွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဤဥပဒေကြမ်းတွင် အပိုဒ်ပေါင်း (၂)ခုပါရှိပါသည်။

(ခ) အခန်း (၁) ဟူသောစကားရပ်ကိုမလိုအပ်ပါသဖြင့် ပယ်ဖျက်ပါသည်။

(ဂ) အပိုဒ် ၁ နှင့် အပိုဒ် ၂ တို့ကိုအဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

၄။ သို့ဖြစ်ပါ၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို တတိယအကြိမ်ပြင်ဆင်တဲ့ဥပဒေကြမ်းကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့အစီရင်ခံ တင်ပြအပ်ပါသည်။ ကျေးဇူးတင်ပါတယ်ရှင်။

**ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၂၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်း ဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၄-၆-၂၀၁၅ ရက်နေ့ ညနေ ၁၆း၀၀ နာရီ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။ ရှေ့ဘက်က ဥပဒေကြမ်းခြောက်ခုကလည်း အခုလိုပဲ ၂၄-၆-၂၀၁၅ ညနေ ၁၆း၀၀ နာရီဆိုတာ ပြင်ဆင်အတည်ပြုပေးဖို့ဖြစ်ပါတယ်။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၆၉)ရက်မြောက်နေ့ ကျင်းပမည့် နေရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး (၆၈)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၉) ရက်မြောက်နေ့ကို ထပ်မံကြေညာမည်ဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၁၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၈) ရက်မြောက်နေ့ကို ၁၂း၁၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မှူကြမ်း**